# ၁၉၅၆ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ။

## [၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၂။]

## ၁၉၅၆ ခုနှစ်

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁၉၅၆ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။(၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏အခွန်တော်များမှ စုစုပေါင်း ကျပ်ငွေ ၂,၁၉,၄၇,၅၂၀ (ဤအက်ဥပဒေဇယားတွင် ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၆ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၅ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၅ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၄) အရခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား